# ကလေးသူငယ်၏ ငယ်သွားများသည် အရေးကြီးပါသည်။

Tooth Tips 12–18 months: Burmese

12 – 18 လ

## မိသားစုများအတွက် သွားနှင့်ဆိုင်သည့် အကြံပေးအချက်အလက်များ

ကလေးသူငယ်၏ ငယ်သွားများသည် အစား စားရန်၊ စကားပြောရန် နှင့် ပြုံးရန်တို့အတွက် အရေးကြီးပါသည်။
ကလေးသူငယ်၏ ငယ်သွားများသည် လူကြီးသွားများအတွက်လည်း နေရာပေးထားပြီး သူ့နေရာမှန်အတွက် လမ်းညွှန်ပေးပါသည်။
သွားပိုးစားလျှင် နာကျင်မှုများ၊ အိပ်မပျော်နိုင်သည့် ပြဿနာများ နှင့် အစား စားရန် ပြဿနာများကို ဖြစ်ပေါ်စေနိုင်ပါသည်။

### အသက် ၁၂ လ နောက်ပိုင်းတွင် ကလေးသူငယ်များသည် နို့ဘူးများအသုံးပြုရန် လိုအပ်မှု မရှိတော့ပါ။

✓



သင့်ကလေးသည် ရေပိုက်ခေါင်းမှရေ သို့မဟုတ် ရေခွက်ထဲမှ မလိုင်ပါသည့် နွားနို့စစ်စစ်ကို တိုက်နိုင်ပါသည်။

✗





### သစ်သီးဖျော်ရည် နှင့် အခြားသော ချိုမြိန်သည့် ဖျော်ရည်များကို ရှောင်ရှားပါ

✓




ရေပိုက်ခေါင်းမှရေ သို့မဟုတ် ရေခွက်ထဲမှ မလိုင်ပါသည့် နွားနို့စစ်စစ်ကို တိုက်ပါ။

✗





ကလေးများသည် သစ်သီးဖျော်ရည် သို့မဟုတ် ချိုမြိန်သော ဖျော်ရည်များကို မလိုအပ်ပါ။ ၎င်းတို့သည် သွားပိုးစားခြင်းအား ဖြစ်ပေါ်စေနိုင်ပါသည်။ ဖျော်ရည်အစား လတ်ဆတ်သော သစ်သီးကို ကျွေးပါ။

## ကျန်းမာရေးနှင့် ညီညွတ်သော သရေစာများ ကျွေးမွေးခြင်း သို့မဟုတ် ချိုသော အစားအစာများကို ရှောင်ရှားခြင်း



ဤတွင် လတ်ဆတ်သော သစ်သီး နှင့် ဟင်းသီးဟင်းရွက်များ၊ ဒိန်ချဉ်၊ ဒိန်ခဲ နှင့် ဘီစကွတ်မုန့်အခြောက်များ နှင့် အသားညှပ်ပေါင်မုန့်များ ပါဝင်ပါသည်။



သကြားဓာတ် မြင့်မားစွာပါဝင်သည့် အစားအစာများ စားသုံးခြင်း သည် သွားပိုးစားခြင်းသို့ ဖြစ်ပေါ်လာစေနိုင်ပါသည်။

## သင့် ကလေး၏ သွားများနှင့် သွားဖုံးများကို တစ်နေ့လျှင် နှစ်ကြိမ် သန့်စင်မှုပြု လုပ်ပေးပါ



နူးညံ့ပျော့ပျောင်းသော သွားတိုက်တံ အသေးလေးကို အသုံးပြုပါ။ သင့်ကလေးများအား နံနက်တိုင်း နှင့် ညတိုင်း မိမိတို့သွားတိုက်ရန် ကူညီမှုပေးပါ။ မိဘများအနေဖြင့် ကလေး အသက် ခုနစ်နှစ် အရွယ်အထိ ကူညီမှုပေးသင့်ပါသည်။



**အသက် ၁၈ လ အောက်အရွယ်များ**
ရေကိုသာလျှင် အသုံးပြုပါ၊
သွားတိုက်ဆေး မသုံးပါနှင့်။



**အသက် ၁၈ လ မှ ၆ နှစ် အရွယ်များ**
ဖလူအိုရိုက်ဒ်ဓါတ်နည်းသည့် ကလေးသွားတိုက်ဆေးကို ပဲစေ့တစ်စေ့လောက်သော သွားတိုက်ဆေးပမာဏ ကိုထည့်ပြီး အသုံးပြုပါ။

## သင့် ကလေး၏ သွားများကို အသက် ၂ နှစ် အရွယ် မတိုင်မီတွင် စစ်ဆေးမှု ပြုလုပ်ပေးပါ

သင့်ကလေးသည် မိမိတို့၏ အစောပိုင်းသွားပိုးစားခြင်း လက္ခဏာများအတွက် အသက် ၂ နှစ် အရွယ်တွင် စစ်ဆေးသင့်ပါသည် ။ ယင်းအား မိခင် နှင့် ကလေး ကျန်းမာရေး သူနာပြု၊ မိသားစု ဆရာဝန် သို့မဟုတ် သွားဆရာဝန် တို့ နှင့် စစ်ဆေးမှု ပြုလုပ်နိုင်ပါသည်။

သွားဆရာဝန်ထံသို့ သွားရောက်ပြသခြင်း -

- အသက် ၁၂ နှစ် အရွယ်ကလေးများအားလုံးသည် အများပြည်သူ့ သွားဆရာဝန် ဝန်ဆောင်မှုပေးရာသို့ သွားရောက်ပြသ နိုင်ပါသည်။ ယင်းသည် ကျန်းမာရေး စောင့်ရှောက်မှု ကဒ် ကိုင်ဆောင်သူများအတွက် အခမဲ့ဖြစ်ပြီး အခြားသောသူများအတွက် စျေးနှုန်းသက်သာပါသည်။
- (03) 9341 1000 ၊ သို့မဟုတ် 1800 833 039 သို့ သင် ခေါ်ဆိုနိုင်ပါသည်၊ (Melbourne Metro အပြင်ဘက်ပိုင်း)၊ သို့မဟုတ်လျှင်လည်း သင်နှင့် အနီးဆုံးရှိ အများပြည်သူ့ ဆေးခန်း အား ရှာဖွေရန် **www.dhsv.org.au** တွင် ကြည့်ရှုပါ။
- ပုဂ္ဂလိက သွားဆရာဝန်ကို ရှာဖွေရန် yellow pages တွင်လည်း သင် ကြည့်ရှုနိုင်ပါသည်။

နောက်ထပ် အချက်အလက်များအတွက် သင့် သွားဆရာဝန်၊ မိခင် နှင့် ကလေး ကျန်းမာရေး သူနာပြု သို့မဟုတ် မိသားစု ဆရာဝန် တို့နှင့် ပြောဆိုဆွေးနွေးပါ။

သင့် ဒေသခံ သွားဆရာဝန် ဆေးခန်း -

ဖွန်လ ၂၀၁၇ ခုနှစ်